


**VOLUME II, ISSUE 2** 6 July 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနန္တသုခ(၅)ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇော်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ် | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား | ၄ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ | ၈ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး | ၁၁ |
| ၅ | နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးအတွက် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း(Sea Shield-2022) လေ့ကျင့်ဆောင်ရွက် | ၁၃ |
| ၆ | မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မိန့်ခွန်းပြောကြား | ၂၀ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ | ၂၂ |
| ၈ | ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီတို့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေး | ၂၅ |
| ၉ | ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး  မစ္စတာဒွန်ပရာ မွန်းဝီးနိုင်းနှင့် သီးခြားတွေ့ဆုံ | ၂၆ |
| ၁၀ | (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ပုဂံမြို့၌ လက်ခံကျင်းပ | ၂၇ |
| ၁၁ | မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးတက်ရောက်ခဲ့သည့် ကိုယ်စားလှယ်အဖွဲ့များ ဘုရား၊ စေတီများသို့ သွားရောက်ဖူးမြော်ကြည်ညို | ၃၀ |
| ၁၂ | ချူအင်လိုင်းတန်ဆောင်း ပြန်လည်ပြုပြင်မွမ်းမံ တရားဝင်ဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပ | ၃၂ |
| ၁၃ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်ကို ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေး | ၃၃ |
| ၁၄ | တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ယွမ် ၆ သန်းကျော်တန်ဖိုးရှိ ကိုဗစ်ရောဂါ ထိန်းချုပ်ကုသရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း | ၃၄ |
| ၁၅ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက် | ၃၅ |
| ၁၆ | ပေါက်မြို့နယ်၊ ဒေါင်းသာကျေးရွာ သာသနာ့ဝံသဘုန်းကြီးကျောင်းမှ ဆရာတော်အား PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်၍ ရက်စက်စွာ သတ်ဖြတ် | ၃၆ |
| ၁၇ | ကောလင်းမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းမှ ဆရာနှင့် ဆရာမတို့အား PDF အကြမ်းဖက်သမားများက ဖမ်းဆီးသတ်ဖြတ် | ၃၇ |
| ၁၈ | ဥကရစ်ထနယ်မြေအတွင်း အကြမ်းဖက်သမားများ ခိုအောင်းအခြေချနေထိုင်မှု မရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက် | ၃၈ |
| ၁၉ | အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၃၉ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနန္တသုခ(၅)ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇော်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်



**နိုင်ငံတော်ဝန်ကြီးချုပ်က ဓမ္မစကြာရိပ်သာကျောင်းတိုက်ရှိ အနန္တသုခ(၅)ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကမ္ဘာအေး ဘုရားလမ်း၊ ဓမ္မစကြာရိပ်သာကျောင်းတိုက်ရှိ အနန္တသုခ(၅)ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇော်ဖွင့်ပွဲသို့ ဇူလိုင်လ ၃ ရက်တွင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ဗန်းမော်ဆရာတော်ဘုရားကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီး ဒေါ်ကြူကြူလှ၊ မိသားစုဝင်များနှင့် အတူ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ မြို့တော်ဝန်နှင့်ဇနီး၊ အလှူရှင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အနန္တသုခ(၅)ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းတော်ကြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ခဲ့ကာ တက်ရောက်လာကြသူများက ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဗန်းမော်ဆရာတော်ဘုရားကြီးထံသို့ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ မိသားစုဝင်များ၊ အလှူရှင်များနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များကို လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြပြီးနောက် ဓမ္မဗိမာန်ကျောင်းတော်ကြီးကို လှည့်လည်ကြည့်ရှုကြပြီး ဆရာတော်အရှင်သူမြတ်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

အဆိုပါ အနန္တသုခ(၅)ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုသည့် ကျောင်းဒါယကာ၊ ဒါယိကာမများက ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားပြုလုပ်၍ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ အလျား ၁၀၈ ပေ၊ အနံ ၄၅ ပေ ရှိ (၅) ထပ် ကျောင်းတော်ကြီးမှာ ဘဒ္ဒန္တအာဝုဓ၊ ပဓာနနာယက ဓမ္မစကြာရိပ်သာဆရာတော်အား အမှူးထား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ



ဖန်းမော်ဆရာတော်ကြီးနှင့် နိုင်ငံတော်ဝန်ကြီးချုပ်တို့က ကျောင်းတော်ကြီးကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်နေမှု



နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများက ပရိတ်တရားတော်များ နာယူကြည်ညိုနေမှု

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးအမှူးပြုသော တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ အဂ္ဂမဟာသီရိသုဓမ္မဓဇ္ဇောတဓရေ ကျောင်းဒါယကာ ဒေါက်တာသာရင်မြတ်၊ ဇနီး သီဟသုဓမ္မသိင်္ဂီ လူမှုထူးချွန် ကျောင်းဒါယိကာမ ဒေါ်နွယ်နွယ်အေးနှင့် မိသားစုဝင်များက မတည်လှူဒါန်းပြီး Four River Myanmar Co.,ltd အမေရိကန် ကုမ္ပဏီမိသားစုနှင့် စေတနာရှင်အလှူရှင်များ စုပေါင်း၍ ငွေကျပ်သိန်းပေါင်း တစ်သောင်းကျော် အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၇-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အနန္တသုခ (၅) ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းတော်ကြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ခဲ့။**



ဗန်းမော်ဆရာတော်ကြီးထံ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းနေမှု



ဗန်းမော်ဆရာတော်ကြီးအမှူးပြုသည့် သံဃာတော်အရှင်သူမြတ်များအား နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းနေမှု

- အနန္တသုခ(၅)ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှူးပြုသည့် ကျောင်းဒါယကာ၊ ဒါယိကာမများက ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားပြုလုပ်၍ လှူဒါန်းခဲ့ခြင်းဖြစ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇူလိုင်လ ၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား ပုသိမ်မြို့၌ တွေ့ဆုံအမှာစကားပြောကြားခဲ့ရာတွင်-

- ဧရာဝတီတိုင်းဒေသကြီးသို့ အလည်အပတ်သော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ခရီးသွားဧည့်ယာဉ်များ အများအပြားလာရောက်လျက်ရှိသဖြင့် လမ်းများ ကောင်းမွန်စေရေးကို အလေးထားဆောင်ရွက်ထားရှိရန် လိုကြောင်း။
- ရန်ကုန်-ပုသိမ်လမ်းမကြီး အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင်လည်း အာဆီယံသတ်မှတ်ချက်များနှင့်အညီ စနစ်တကျတည်ဆောက်သွားရန် လိုအပ်ပြီး ပုသိမ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စပါးကျီကြီးတစ်ခုဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု နယ်ပယ်အသီးသီး၌လည်း ထိပ်ပိုင်းတွင်ရှိနေသည့် နိုင်ငံ့ဂုဏ်ဆောင်တိုင်းဒေသကြီးတစ်ခု ဖြစ်ကြောင်း။
- ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမသမာမှုရလာဒ်များကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ခေတ္တတာဝန်ယူဆောင်ရွက်နေရခြင်းဖြစ်ပြီး နိုင်ငံရေးအမြတ်ထုတ်မှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကြမ်းဖက်မှုဖြစ်စဉ်များကို တရားဥပဒေနှင့်အညီ တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း။
- ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အတိုင်းသာ လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီသာ ဆက်လက်လျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ လူမျိုးတိုင်း၊ နိုင်ငံတိုင်းအနေဖြင့် Moving Forward ဆိုသည့်အတိုင်း အတိတ်ကိုပြန်လှည့်ကြည့်နေခြင်း၊ ရပ်နေခြင်းမရှိဘဲ ရှေ့ကိုဆက်လက်လျှောက်လှမ်းနေကြခြင်းဖြစ်၍ မိမိတို့နိုင်ငံအနေဖြင့်လည်း ကျန်နေ၍မရကြောင်း၊ Moving Forward ဟူသည့်အတိုင်း အမြဲလျှောက်လှမ်းနေရမည်ဖြစ်ကြောင်း။
- မိမိတို့နိုင်ငံတွင် စာတတ်မြောက်မှု ၉၂ ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရသော်လည်း အဆိုပါ ၉၂ ရာခိုင်နှုန်းတွင် ရေး/ဖတ် အဆင့်၊ မူလတန်းအဆင့်သာရှိသူ ဦးရေများပြားလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်သကဲ့သို့ ပညာတတ်မြောက်သူ နည်းပါးသည်ကိုလည်း သန်းခေါင်စာရင်းများအရ တွေ့ရှိရမည်ဖြစ်ကြောင်း။
- ပညာရည်မြှင့်တင်ရေးအတွက် အစိုးရပညာရေးစနစ်ဖြင့် အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာတတ်များ နည်းပါးပါက မိမိတို့နိုင်ငံသည်နောက်ကျကျန်ခဲ့မည်ဖြစ်ကြောင်း။
- စီးပွားရေးလုပ်ငန်းအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို အခြေခံသော စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- စီမံခန့်ခွဲမှုလုပ်ငန်းများအဆင်ပြေ ချောမွေ့စေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုလျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်စေရန်အတွက် ခရိုင်များတိုးချဲ့ဖွဲ့စည်းခဲ့ပြီး ခရိုင်



**နိုင်ငံတော်ဝန်ကြီးချုပ်အား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြနေမှု**

အဆင့်ကို အခြေခံ၍ တစ်နိုင်ငံလုံးအုပ်ချုပ်မှုကို ပိုမိုအဆင်ပြေအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

- စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တစ်နိုင်ငံလုံးတွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ရန် လိုအပ်သဖြင့် ခရိုင်များကိုအခြေခံ၍ စိုက်ပျိုးမွေးမြူရေးသိပ္ပံနှင့် ကျောင်းများဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း။
- စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိုက်ဧကများ တိုးချဲ့ခြင်းထက် တစ်ဧက အထွက်နှုန်းတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရှိပြီးသား မြေအရင်းအမြစ်များပေါ်တွင် သီးထပ်၊ သီးညှပ်များ စိုက်ပျိုးနိုင်မည်ဆိုပါက ယခုထက် အထွက်နှုန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။
- မိမိတို့နိုင်ငံမှထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများကိုလည်း ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိသဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြစေလိုကြောင်း။
- ဒေသတွင်းစက်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာမည်ဖြစ်ပြီး ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မှုများ နည်းပါးလာမည်ဖြစ်ကြောင်း။
- လုပ်ငန်းများဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် ကြီးပွားရေးလုပ်ငန်းများအတွက် အချို့ကို မိရိုးဖလာလုပ်ဆောင်မှုများမှ ဖောက်ထွက်၍ ဆောင်ရွက်ရန် စဉ်းစားရမည်ဖြစ်ပြီး အစွဲအလမ်းများမထားဘဲ ကောင်းမွန်မည်ဟုထင်ပါက ပြောင်းလဲဆောင်ရွက်သင့်ကြောင်း။
- အစိုးရတစ်ရပ်သည် ပြည်သူများ၏ ယုံကြည်မှုရှိရန်၊ ပြည်သူမှအားကိုးသည့် အစိုးရဖြစ်ရန် လိုကြောင်း၊ ပြောသည့်အတိုင်းဖြစ်အောင်လုပ်ရန်လိုကြောင်း၊ မိမိတို့သည် နိုင်ငံရေးလုပ်နေခြင်းမဟုတ်ဘဲ နိုင်ငံတိုးတက်ရေးအတွက် နိုင်ငံ၏အကျိုးကို စီမံခန့်ခွဲဆောင်ရွက်နေခြင်းဖြစ်ကြောင်း။
- နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ကျရာတာဝန်များကို နိုင်ငံ့ကောင်းရာကောင်းကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရေး နိုင်ငံ့အကြီးအကဲတစ်ယောက်ဟူသည်ထက် ဝန်ထမ်းအကြီးအကဲတစ်ယောက်အဖြစ်ဖြင့် ဂုဏ်ယူစွာ တိုက်တွန်းလိုကြောင်းဖြင့် မှာကြားခဲ့။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်ပြည်သူ့ဆေးရုံကြီး (၉)ထပ် တိုးချဲ့ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း၊ ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ခဲ့ပြီး အလှူငွေများပေးအပ်လှူဒါန်းကာ ဘုရားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၇-၂၀၂၂)**





နိုင်ငံတော်ဝန်ကြီးချုပ်အား တာဝန်ရှိသူတစ်ဦးက ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီး ၉ ထပ်တိုးချဲ့ဆောင်ဆောက်လုပ်မှုအခြေအနေအား ရှင်းလင်းတင်ပြနေမှု



နိုင်ငံတော်ဝန်ကြီးချုပ်က ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီး ၉ ထပ်တိုးချဲ့ဆောင်ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များ ညွှန်ကြားနေမှု

- ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စပါးကျီကြီးတစ်ခုဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု နယ်ပယ်အသီးသီး၌လည်း ထိပ်ပိုင်းတွင်ရှိနေသည့် နိုင်ငံ့ဂုဏ်ဆောင် တိုင်းဒေသကြီးတစ်ခုဖြစ်။
- ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမသမာမှုရလဒ်များကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ခေတ္တတာဝန်ယူဆောင်ရွက်နေရခြင်းဖြစ်ပြီး နိုင်ငံရေးအမြတ်ထုတ်မှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကြမ်းဖက်မှုဖြစ်စဉ်များကို တရားဥပဒေနှင့်အညီတတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ခဲ့။
- ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အတိုင်းသာ လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီသာ ဆက်လက်လျှောက်လှမ်းရမည်ဖြစ်သကဲ့သို့ လူမျိုးတိုင်း၊ နိုင်ငံတိုင်းအနေဖြင့် Moving Forward ဆိုသည့်အတိုင်း အတိတ်ကို ပြန်လှည့်ကြည့်နေခြင်း၊ ရပ်နေခြင်းမရှိဘဲ ရှေ့ကိုဆက်လက်လျှောက်လှမ်းနေကြခြင်းဖြစ်၍ မိမိတို့နိုင်ငံအနေဖြင့်လည်း ကျန်နေ၍မရကြောင်း၊ Moving Forward ဟူသည့်အတိုင်း အမြဲလျှောက်လှမ်းနေရမည်ဖြစ်။
- မိမိတို့နိုင်ငံတွင် စာတတ်မြောက်မှု ၉၂ ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရသော်လည်း အဆိုပါ ၉၂ ရာခိုင်နှုန်းတွင် ရေး/ဖတ်အဆင့်၊ မူလတန်းအဆင့်သာရှိသူ ဦးရေများပြားလျက်ရှိ။
- လုပ်ငန်းများဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် ကြီးပွားရေးလုပ်ငန်းများအတွက် အချို့ကို မိရိုးဖလာလုပ်ဆောင်မှုများမှ ဖောက်ထွက်၍ ဆောင်ရွက်ရန် စဉ်းစားရမည်ဖြစ်ပြီး အစွဲအလမ်းများမထားဘဲ ကောင်းမွန်မည်ဟု ထင်ပါက ပြောင်းလဲဆောင်ရွက်သင့်။





နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ပုသိမ်မြို့ကျက်သရေဆောင်ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနေမှု



နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က စေတီတော်မြတ်ကြီးအတွက် အလှူငွေများလှူဒါန်းနေမှု



နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များက စေတီတော်မြတ်ကြီးကို လှည့်လည်ဖူးမြော်ကြည်ညိုနေမှု





နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်နေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇူလိုင်လ ၄ ရက်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားရာတွင်–

- တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေခြင်းသည် နိုင်ငံတော်အတွက် လိုအပ်ချက်အရ ပါဝင်ဆောင်ရွက်နေရခြင်းပင်ဖြစ်ပြီး ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကြောင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်ကို မှန်မှန်ကန်ကန် သိရှိနားလည်နေရမည်ဖြစ်ကြောင်း။
- နိုင်ငံ၏သမိုင်းကြောင်း၊ ပထဝီအနေအထားနှင့် လက်ရှိဖြစ်တည်ချက်များအရ တပ်မတော်သည် နိုင်ငံတော်၏ အမျိုးသားရေးကိစ္စရပ်များတွင် ပါဝင်နေရခြင်းဖြစ်သကဲ့သို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေရကြောင်း။
- နိုင်ငံအနေဖြင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများ ယနေ့အထိ လိုအပ်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုများရှိရန်အတွက် မိမိတို့နိုင်ငံတွင် ခိုင်မာသည့် အင်စတီကျူးရှင်းလိုအပ်ကြောင်း၊ ထိုအင်စတီကျူးရှင်းမှာ တပ်မတော်သာဖြစ်ပြီး နိုင်ငံတော်၏ Guardian အနေဖြင့် နိုင်ငံတော်ကို ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- မိမိတို့နိုင်ငံ၏ ပညာရည်သည် ခေတ်အဆက်ဆက်တွင် နိမ့်ကျခဲ့ပြီး အတန်းပညာ ပြီးမြောက်သူနည်းပါးခဲ့ကြောင်း၊ ပညာရည်အားနည်းသဖြင့် အသိပညာ အားနည်းရခြင်းပင်ဖြစ်ကြောင်း။
- ပညာတတ်များ ပေါကြွယ်ဝလာစေရေး၌ ကျန်းမာကြံ့ခိုင်မှုသည်လည်း အရေးကြီးသဖြင့် ပညာရည်မြှင့်တင်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို ဟန်ချက်ညီမြှင့်တင်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက် အခြေခံကျသည့် တစ်မျိုးသားလုံး ပညာရည်မြှင့်တင်ရေးလုပ်ငန်းကို နိုင်ငံတော်၏အနာဂတ်အတွက် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး အနည်းဆုံး ၅ နှစ်မှ ၁၀ နှစ်အထိ အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးကတည်းက နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုများ၊ အယူဝါဒမတူညီမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရပြီး မျိုးဆက်များအလိုက်ပြောင်းလဲသွားသော်လည်း တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများသည် ယနေ့ထက်တိုင်ရှိနေသေးကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ မရှိမှသာ နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။
- နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်နေသည့်အခြေအနေတွင် နိုင်ငံကိုထိန်းသိမ်းနိုင်သည်မှာ တပ်မတော်သာလျှင်ဖြစ်ပြီး တပ်မတော်အနေဖြင့်




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ပုသိမ်တပ်နယ်မှ အရာရှိစစ်သည်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်နေမှု**

အချို့အရာများတွင် အနစ်နာခံဆောင်ရွက်ခဲ့ရသည်များ ရှိကြောင်း။

- မိမိတို့ဆောင်ရွက်နေသည့် ကိစ္စရပ်များသည် ခံယူချက်ကောင်းများဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းများ အောင်မြင်ရေးအတွက် တပ်မတော်သားအားလုံးတွင် တာဝန်ရှိကြောင်း။
- အချို့နိုင်ငံများက မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှု၊ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ မြှောက်ပင့်သွေးထိုးမှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုပဋိပက္ခများကို မိမိတို့အနေဖြင့် ထိန်းထိန်းသိမ်းသိမ်းကိုင်တွယ်ဆောင်ရွက်ခဲ့ကြောင်း။
- နိုင်ငံရေးပုံမှန်လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အမျိုးသားရေးမျှော်မှန်းချက်နှင့် နိုင်ငံရေးမျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။
- ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေရာတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖြစ်ရန်လိုပြီး ဒီမိုကရေစီ မျက်နှာဖုံးစွပ်ထားသည့်လုပ်ရပ်မဖြစ်ရန်လိုကြောင်း။
- စားရေရိက္ခာပေါများရေးအတွက်ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီးသည်လည်း စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်သည့် တိုင်းတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ခေတ်မီနည်းစနစ်များဖြင့် အသုံးပြု၍ဆောင်ရွက်ရန်လိုကြောင်း။
- လက်ရှိနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို တပ်မတော်က ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပြီး မိမိတို့အနေဖြင့် နိုင်ငံတော်၏ကောင်းရာကောင်းကျိုးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေရမည်ဖြစ်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို မှန်မှန်ကန်ကန်ဖြင့် ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။
- နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ အမျိုးသားရေးရည်မှန်းချက်များချမှတ်၍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အရာရှိ၊ စစ်သည်၊ မိသားစုများ မှန်မှန်ကန်ကန်သိရှိစေရေး နောက်ခံအကြောင်းအရာများနှင့်တကွ ရှင်းလင်းပြောကြားခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၅-၇-၂၀၂၂)**



နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်နေမှု

- တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေခြင်းသည် နိုင်ငံတော်အတွက် လိုအပ်ချက်အရ ပါဝင်ဆောင်ရွက်နေရခြင်းပင်ဖြစ်ပြီး ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကြောင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်ကို မှန်မှန်ကန်ကန် သိရှိနားလည်နေရမည်ဖြစ်။
- နိုင်ငံအနေဖြင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများ ယနေ့အထိ လိုအပ်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုများရှိရန်အတွက် မိမိတို့နိုင်ငံတွင် ခိုင်မာသည့်အင်စတီကျူးရှင်း လိုအပ်ကြောင်း၊ ထိုအင်စတီကျူးရှင်းမှာ တပ်မတော်သာဖြစ်ပြီး နိုင်ငံတော်၏ Guardian အနေဖြင့် နိုင်ငံတော်ကို ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်။
- တိုင်းပြည်အတွက် အခြေခံကျသည့် တစ်မျိုးသားလုံးပညာရည်မြှင့်တင်ရေးလုပ်ငန်းကို နိုင်ငံတော်၏ အနာဂတ်အတွက် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး အနည်းဆုံး ၅ နှစ်မှ ၁၀ နှစ်အထိ အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်။
- ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေရာတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖြစ်ရန်လိုပြီး ဒီမိုကရေစီ မျက်နှာဖုံးစွပ်ထားသည့်လုပ်ရပ်မဖြစ်ရန်လို။
- လက်ရှိနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို တပ်မတော်က ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပြီး မိမိတို့အနေဖြင့် နိုင်ငံတော်၏ကောင်းရာကောင်းကျိုးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေရမည်ဖြစ်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို မှန်မှန်ကန်ကန်ဖြင့် ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များလိုက်ပါ၍ ဇူလိုင်လ ၄ ရက်တွင် ပုသိမ်လေတပ်စခန်းဌာနချုပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားခဲ့ရာတွင်-

- နယ်မြေဒေသနှင့် ပိုင်နက်ပင်လယ်ပြင်စိုးမိုးရေးအတွက် ရေဒါစနစ်ဖြင့် ကင်းထောက်ခြင်း၊ လေကြောင်း၊ ရေကြောင်း ကင်းလှည့်ခြင်းများဆောင်ရွက်ပြီး ပိုင်နက်နယ်နိမိတ်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးတို့ကို တိုင်းစစ်ဌာနချုပ်နှင့် နယ်မြေခံ ရေတပ်၊ လေတပ်ဌာနချုပ်များက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး အမြဲအသင့်ဖြစ်နေရမည်ဖြစ်ကြောင်း။
- ပင်လယ်ကမ်းစပ်နှင့် မြစ်ဝကျွန်းပေါ် လုံခြုံရေးကို လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အမြဲတမ်းစောင့်ကြည့်နေရမည်ဖြစ်ကြောင်း။
- စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ မွေးမြူရေးနှင့်စိုက်ပျိုးရေး အပြန်အလှန်အခြေခံပြီး အထွက်နှုန်းကောင်းသည့်၊ အကျိုးရှိသည့် စိုက်ပျိုးမွေးမြူရေးဖြစ်အောင် တွက်ချက်ဆောင်ရွက်ကြစေလိုကြောင်း။
- အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေး၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ဖူလုံစွာစားသုံးနိုင်ရေးအတွက် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားခဲ့ပြီးနောက် လေတပ်ဌာနချုပ် ကာကီကင်းဘဲမွေးမြူရေးခြံ၊ ဥစားကြက်မွေးမြူရေးခြံ၊ ရာသီသီးနှံစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ကမ်းနားလမ်းတွင် မြစ်ကြမ်းခင်းမြေသားစွမ်းအင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က-

- ပုသိမ်မြို့သို့ ပင်လယ်ကူးသင်္ဘောကြီးများဝင်ထွက်ခဲ့ကြောင်း၊ ရေလမ်းကြောင်းများကို ပြန်လည်ပြုပြင်ထိန်းသိမ်း၍ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်နိုင်ရေး ဆောင်ရွက်နိုင်မည်ဆိုပါက ပုသိမ်မြို့သို့ ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်မြန်ဆန်လာမည်ဖြစ်ကြောင်း။
- ဝေန်မြစ်ရေကို ထိန်းသိမ်း၍ စိုက်ပျိုးရေးအတွက်လိုအပ်သည့်နေရာများတွင် အကျိုးရှိစွာဖြင့် အသုံးချရန်လိုကြောင်း။
- ဧရာဝတီတိုင်းဒေသကြီးအတွင်း ပျမ်းမျှမိုးရွာသွန်းရက်မှာ ၁၂၀ ကျော်ခန့်သာဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရေများရရှိအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ရေချိုများကိုစနစ်တကျဖြင့် အသုံးချရန်လိုကြောင်းမှာကြားခဲ့ပါသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရာသီသီးနှံစိုက်ခင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးနေမှု



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကာကီကင်းဘဲမွေးမြူရေးခြံအား လှည့်လည်ကြည့်ရှုနေမှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြမ်းခင်းမြေသား စွမ်းအင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၇-၂၀၂၂)**

- **နယ်မြေဒေသနှင့် ပိုင်နက်ပင်လယ်ပြင်စိုးမိုးရေးအတွက် ရေဒါစနစ်ဖြင့် ကင်းထောက်ခြင်း၊ လေကြောင်း၊ ရေကြောင်း ကင်းလှည့်ခြင်းများဆောင်ရွက်ပြီး ပိုင်နက်နယ်နိမိတ်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးတို့ကို တိုင်းစစ်ဌာနချုပ်နှင့် နယ်မြေခံရေတပ်၊ လေတပ်ဌာနချုပ်များက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်။**
- **ပင်လယ်ကမ်းစပ်နှင့်မြစ်ဝကျွန်းပေါ်လုံခြုံရေးကို လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အမြဲတမ်းစောင့်ကြည့်နေရမည်ဖြစ်။**
- **စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ မွေးမြူရေးနှင့်စိုက်ပျိုးရေး အပြန်အလှန် အခြေခံပြီး အထွက်နှုန်းကောင်းသည့်၊ အကျိုးရှိသည့် စိုက်ပျိုးမွေးမြူရေးဖြစ်အောင် တွက်ချက်ဆောင်ရွက်ကြစေလို။**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥစားကြက်မွေးမြူရေးခြံအား လှည့်လည်ကြည့်ရှုစစ်ဆေးနေမှု**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပုသိမ်မြို့ကမ်းနားလမ်းတွင် မြစ်ကြမ်းခင်းမြေသားစွမ်းအင်မြှင့်တင်ခြင်းလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးနေမှု**

## နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးအတွက် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield–2022) လေ့ကျင့်ဆောင်ရွက်

တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို လုံခြုံစွာကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ကာကွယ်ရေးစွမ်းရည် ထက်မြက်မြင့်မားစေရန် တပ်မတော်(ကြည်း၊ ရေ၊ လေ) လေ့ကျင့်ခန်းများကို အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှစ၍ မြန်မာ့ရေပိုင်နက် ရခိုင်ကမ်းရိုးတန်းရေပြင်အတွင်း တပ်မတော်(ရေ)မှ တိုက်ခိုက်ရေးရေငုပ်သင်္ဘောစစ်ရေယာဉ်များဖြစ်ကြသည့် (မင်းရဲသိခ်သူ)နှင့် (မင်းရဲကျော်ထင်)အပါအဝင် စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield–2022)အား လေ့ကျင့်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်မည့် စစ်ရေယာဉ်များက ဂုဏ်ပြုချီတက်မောင်းနှင်အလေးပြုနေမှု**

ခန်း (Sea Shield-2022) လေ့ကျင့်ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လေ့ကျင့်ခန်းဆောင်ရွက်နေသည့် စစ်ရေယာဉ်များအား ကြည့်ရှုစစ်ဆေးရန် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ စစ်ရေယာဉ်(မုတ္တမ)ပေါ်သို့ ရဟတ်ယာဉ်ဖြင့် ဆင်းသက်ရောက်ရှိခဲ့ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ Sea Shield-2022 ကို လေ့ကျင့်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ရေပြင်သွားစစ်ရေယာဉ်များ၊ ရေငုပ်သင်္ဘောများနှင့် ရဟတ်ယာဉ်များအပါအဝင် ရေပေါ်ရေအောက်ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခဲ့မှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏ ပိုင်နက်နယ်မြေအားလုံးကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိနေရမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာနိုင်သည့်မှန်သမျှကို ကာကွယ်ရေးအမြင်ဖြင့် ကြိုတင်မျှော်တွေးပြီး သတင်းမပြတ်ဖော်ထုတ်ရန်နှင့် ရရှိလာသည့် သတင်းအချက်အလက်များကိုလည်း အကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

လေ့ကျင့်ခန်းတွင်ပါဝင်ဆောင်ရွက်မည့် စစ်ရေယာဉ်များမှ ရှေ့နောက်တန်းပုံပြုပုံစံ (Single Line Formation) ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုချီတက်မောင်းနှင်အလေးပြုကြပြီးနောက် သံသယဖြစ်ဖွယ် ပြည်ပကုန်သွယ်ရေယာဉ်အား တပ်မတော်(ရေ) အထူးတပ်ဖွဲ့ဝင် အရာရှိ/စစ်သည်များမှ Anchor Launcher အသုံးပြု၍ ရေယာဉ်ပေါ်သို့ တက်ရောက်စီးနင်းရှာဖွေဖမ်းဆီးခြင်း (Visit, Board, Search And Seizure) VBSS လေ့ကျင့်ခန်းကိုလည်းကောင်း၊ ဖရီးဂိတ်စစ်ရေယာဉ်များဖြစ်သည့်(ဆင်ဖြူရှင်)နှင့် (ကျန်စစ်သား)တို့မှ ရေငုပ်သင်္ဘောအား ပူးပေါင်းထောက်လှမ်းရှာဖွေခြင်းလေ့ကျင့်ခန်း CASEX A-2 အားလည်းကောင်း၊ ရေပြင်ရန်ကာကွယ်ရေးစစ်ဆင်မှုဇုန်အတွင်း ရန်သူ့ရေပြင်ပစ်မှတ်များအား ပစ်ခတ်တိုက်ခိုက်ချေမှုန်းရန်အတွက် မိမိရေယာဉ်အုပ်အား Battle Line Formation သို့ ပြောင်းလဲခုတ်မောင်းခြင်းများ ဆောင်ရွက်ပြီး ရေတပ်အမြောက်ကြီးများ၊ စက်သေနတ်ကြီးများဖြင့် ရန်သူ့ရေပြင်ပစ်မှတ်များအား အပြီးတိုင်ပစ်ခတ်တိုက်ခိုက်ချေမှုန်းခြင်းလေ့ကျင့်ခန်းအားလည်းကောင်း ဆောင်ရွက်ခဲ့ကြပါသည်။

ထိုသို့ ရေငုပ်သင်္ဘောရန်ကာကွယ်မှုစစ်ဆင်ရေးနှင့် ရေငုပ်သင်္ဘောစစ်ဆင်ရေးများ လေ့ကျင့်ဆောင်ရွက်ပြီး ရေပေါ်ရေအောက်ရန်သူ့ပစ်မှတ်များအား Torpedo များဖြင့်လည်းကောင်း၊ ရေတပ်အမြောက်ကြီးများဖြင့်လည်းကောင်း၊ စက်သေနတ်ကြီးများဖြင့်လည်းကောင်း လက်တွေ့လေ့ကျင့်ပစ်ခတ်မှုများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေယာဉ်(မုတ္တမ)ပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ခန်းတွင်ပါဝင်သည့် အရာရှိ၊ စစ်သည်များအား အမှာစကားပြောကြားရာတွင်-

- ရေတပ်လေ့ကျင့်ခန်းများကို ၂၀၀၉ ခုနှစ်တွင် ရေပြင်၊ ဝေဟင် ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်းအဖြစ် စတင်လေ့ကျင့်ဆောင်ရွက်ခဲ့ပြီး တစ်နှစ်ပြီးတစ်နှစ် တိုးတက်ကောင်းမွန်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။
- မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်းအရှည်သည် မိုင်ပေါင်း ၁,၃၀၀ ခန့်ရှိပြီး ရေပြင်ပိုင်နက်အနေဖြင့် စတုရန်းမိုင်ပေါင်း



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ခန်းတွင် ပါဝင်သည့် အရာရှိ၊ စစ်သည်များအား အမှာစကားပြောကြားနေမှု**

၁၄၄,၀၀၀ ကျော်ကျယ်ဝန်းသဖြင့် ကျယ်ပြောလှသည့် ရေပြင်ပိုင်နက်နယ်နိမိတ်ကို စိုးမိုးနိုင်ရန်မှာ တပ်မတော် (ရေ) တစ်ခုတည်းဖြင့် ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ကြောင်း။

- တပ်မတော်(ရေ)ကို ပထမအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်ကို အပြည့်အဝကာကွယ်နိုင်ရေး သုံးဘက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင် အသင့်ရေတပ်(Three Dimensional Combat Ready Navy) အဖြစ် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း။
- တိုက်စွမ်းအားရှိသည့် ရေတပ်ဖွဲ့ဖြစ်ရန်အတွက် တပ်မတော်(ကြည်း)တွင် မြဲသုံးမြဲရှိသကဲ့သို့ တပ်မတော်(ရေ)တွင်လည်း စစ်ရေယာဉ်များအသင့်ဖြစ်ရမည်၊ လက်နက်နှင့် လက်နက်စနစ်များအသင့်ဖြစ်ရမည်၊ ရေတပ်သားများအသင့်ဖြစ်ရမည်ဟူသည့် အသင့်ဖြစ်မှု ၃ ရပ်နှင့်ပြည့်စုံရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက်ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield-2022) ဂုဏ်ပြုအထိမ်းအမှတ်တံဆိပ်အား ပေးအပ်ခဲ့ပါသည်။

နောက်ဆက်တွဲ လေ့ကျင့်ခန်းများအနေဖြင့် တိုက်ပွဲပြီးပြန်လည်သုံးသပ်ခြင်း (Battle Damage Assessment) လေ့ကျင့်ခန်း၊ ပင်လယ်ပြင်ထောက်ပံ့ဖြည့်တင်းခြင်း (RAS) လေ့ကျင့်ခန်း၊ မီးငြိမ်းသတ်ခြင်းနှင့် ပျက်စီးထိန်းလုပ်ငန်းများဆောင်ရွက်ခြင်း (Fire Fighting and Damage Control) လေ့ကျင့်ခန်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်း(Search and Rescue) လေ့ကျင့်ခန်း၊ ပင်လယ်ပြင်တွဲဆွဲခြင်း(Towing) လေ့ကျင့်ခန်းများအား ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၇-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက်ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း(Sea Shield-2022) လေ့ကျင့်ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။**
- **နိုင်ငံတော်၏ ပိုင်နက်နယ်မြေအားလုံးကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိနေရမည်ဖြစ်၊ ဖြစ်ပေါ်လာနိုင်သည်မှန်သမျှကို ကာကွယ်ရေးအမြင်ဖြင့် ကြိုတင်မျှော်တွေးပြီး သတင်းမပြတ်ဖော်ထုတ်ရန်နှင့် ရရှိလာသည့် သတင်းအချက်အလက်များကိုလည်း အကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်။**




တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield-2022) လေ့ကျင့်ဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းတင်ပြနေမှု



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield-2022) လေ့ကျင့်ခန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးနေမှု


- မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်းအရှည်သည် မိုင်ပေါင်း ၁,၃၀၀ ခန့်ရှိပြီး ရေပြင်ပိုင်နက်အနေဖြင့် စတုရန်းမိုင်ပေါင်း ၁၄၄,၀၀၀ ကျော်ကျယ်ဝန်းသဖြင့် ကျယ်ပြောလှသည့် ရေပြင်ပိုင်နက်နယ်နိမိတ်ကို စိုးမိုးနိုင်ရန်မှာ တပ်မတော်(ရေ) တစ်ခုတည်းဖြင့် ဆောင်ရွက်၍ ရနိုင်မည်မဟုတ်။
- တပ်မတော်(ရေ)ကို ပထမအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်ကို အပြည့်အဝကာကွယ်နိုင်ရေး သုံးဘက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) အဖြစ် မျှော်မှန်းဆောင်ရွက်လျက်ရှိ။

## နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးအတွက် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield-2022) လေ့ကျင့်ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











## နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးအတွက် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield-2022) လေ့ကျင့်ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











## နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးအတွက် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield-2022)တွင် လေ့ကျင့်ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မိန့်ခွန်းပြောကြား




၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၃) ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မိန့်ခွန်းပြောကြားခဲ့ရာတွင်-

- အမျိုးသမီးများနေ့နှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ်၊ မတ်လ (၈) ရက်တွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကို "စဉ်ဆက်မပြတ် တိုးတက်ဖို့၊ ကျား၊ မ တန်းတူညီမျှစို့" (Gender equality today for a sustainable tom-orrow) ဆောင်ပုဒ်နဲ့အညီ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ကျင်းပခဲ့ကြောင်း။
- မြန်မာအမျိုးသမီးများနေ့သည် ၁၉၉၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံမှ စတင်ခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း။
- ညီလာခံမှချမှတ်ခဲ့သည့် ဘေဂျင်းကြေညာစာတမ်းအရ နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများအားလုံး အမျိုးသားများနဲ့တန်းတူ ကဏ္ဍစုံ လုပ်ငန်းနယ်ပယ်အသီးသီးတွင် ပါဝင်ခွင့်ရရှိစေရေး၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုများမှ တားဆီးကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ(၃)ရက်တွင် ဖွဲ့စည်းခဲ့ပြီး မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း။
- နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားလာနေတာကို တွေ့မြင်နေရပြီး မျက်မှောက်ကာလတွင်လည်း မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်းကာ နယ်ပယ်အသီးသီးတွင် ပါဝင်လျက်ရှိကြောင်း။
- မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုကို အသိအမှတ်ပြု အလေးထားဂုဏ်ပြုသည့်အနေဖြင့် "မြန်မာအမျိုးသမီးများနေ့"ကို နိုင်ငံတော်အဆင့်ဂုဏ်ပြုအခမ်းအနားများအား နှစ်စဉ်ကျင်းပပေးနေခြင်းဖြစ်ကြောင်း။
- ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအဖြစ် အာဆီယံအမျိုးသမီးကော်မတီ၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင်၊ အာဆီယံငြိမ်းချမ်းရေးမှတ်ပုံတင် အမျိုးသမီးကိုယ်စားလှယ်စသည်တို့တွင်လည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

- မြန်မာနိုင်ငံအနေဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ပတ်သက်၍ လုံးဝလက်မခံသည့် မူဝါဒကို လက်ကိုင်ထား ဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ပြယုဂ်တစ်ခုအနေဖြင့် ပဋိပက္ခကာလအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Joint Communique on Prevention and Response to Conflict Related Sexual Violence) ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှာ ပါဝင်လက်မှတ်ရေးထိုးထားကြောင်း။
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကျူးလွန်သူများအား ထိရောက်သည့် ပြစ်ဒဏ်ပေးနိုင်ရန်အတွက် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း)ကို ရေးဆွဲထားရှိပြီး ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် အမျိုးသမီးများအရေးကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း။
- နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍများတွင် အမျိုးသမီးများပါဝင်မှုမှာ ပိုမိုများပြားလာသည်ကို တွေ့ရပြီး မြန်မာ့တပ်မတော်တွင် ကြည်း၊ ရေ၊ လေ အမျိုးသမီးဗိုလ်လောင်းများ မွေးထုတ်ထားပြီး အမျိုးသားများနဲ့တန်းတူ ရင်ပေါင်တန်း တာဝန်ထမ်းဆောင်နေကြပြီဖြစ်ကြောင်း။
- တပ်မတော်ဆေးတက္ကသိုလ်အတွက် အမျိုးသမီးဗိုလ်လောင်းများကိုလည်း ခေါ်ယူလေ့ကျင့်သင်ကြားပေးရန် စီစဉ်လျက်ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်လည်း အမျိုးသမီးရဲတပ်ဖွဲ့ဝင်များသည် အမျိုးသားများနှင့်တန်းတူ ရင်ပေါင်တန်း ဆောင်ရွက်လျက်ရှိကြောင်း။
- သို့ဖြစ်၍ မြန်မာအမျိုးသမီးများနေ့ရောက်တိုင်း ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့အနေဖြင့် ထူးချွန်အမျိုးသမီးများကို နှစ်စဉ်ဆုချီးမြှင့်ပေးသည့် အစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရကြောင်း။
- နိုင်ငံတော်အဆင့် ဦးစားပေးကဏ္ဍများဖြစ်သည့် ငြိမ်းချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ် အကြမ်းဖက်မှုလျော့နည်း ပပျောက်ရေးနှင့် သဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည်စွမ်းအား မြင့်မားစေရေးတို့အတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားနိုင်ဖို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်နှင့်အထက် အမျိုးသား စာတတ်မြောက်မှုနှုန်းမှာ ၉၂.၄ ရာခိုင်နှုန်းရှိပြီး အမျိုးသမီး စာတတ်မြောက်မှုနှုန်းမှာ ၈၆.၃ ရာခိုင်နှုန်းသာရှိသည့်အတွက် အမျိုးသမီးများကို ခေတ်မီပညာရေးသင်ကြားရာမှာ အားပေးဖို့လိုသလို တစ်ဖက်မှာလည်း အိမ်တွင်းမှုလုပ်ငန်းများအပါအဝင် အသက်မွေးဝမ်းကျောင်းပညာရပ်များကိုလည်း တိုးမြှင့်သင်ကြားပေးရန်လိုကြောင်း။
- ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ရန် ကျေးလက်နေအမျိုးသမီးများ၏ ဝင်ငွေရ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ အရှိန်မပျက်ပုံမှန်ရရှိစေရေး၊ ရပ်ဆိုင်းသွားရသည့် အငယ်စားစီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်နှင့် ဝင်ငွေမရှိသေးသည့် အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်ပေးရန် သက်ဆိုင်ရာဝန်ကြီး ဌာန/အဖွဲ့အစည်းများ ပူးပေါင်းပါဝင်သည့် ရေ့ပြေးလုပ်ငန်းစီမံချက်များကို ရေးဆွဲပြီး အကောင်အထည်ဖော်ရေး ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းမှာကြားခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ကျား၊ မ တန်းတူညီမျှမှုရှိရေးနှင့် မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို အမျိုးသမီးထုကြီးနှင့် အဖွဲ့အစည်းများကလည်း သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ပြီး မြန်မာအမျိုးသမီးများနေ့တွင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးသာမက မြန်မာနိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း၊ ရောဂါဘယဘေးအပေါင်းကလည်း ကင်းဝေးကြပါစေဟု ဆုတောင်းမေတ္တာပို့သခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၇-၂၀၂၂)**

- နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မား လာနေတာကို တွေ့မြင်နေရပြီး မျက်မှောက်ကာလတွင်လည်း မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်းကာ နယ်ပယ်အသီးသီးတွင် ပါဝင်လျက်ရှိ။
- ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအဖြစ် အာဆီယံအမျိုးသမီးကော်မတီ၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင်၊ အာဆီယံငြိမ်းချမ်းရေးမှတ်ပုံတင် အမျိုးသမီးကိုယ်စားလှယ်စသည်တို့တွင်လည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိ။
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကျူးလွန်သူများအား ထိရောက်သည့် ပြစ်ဒဏ်ပေးနိုင်ရန်အတွက် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း)ကို ရေးဆွဲထားရှိပြီး ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်နေပြီဖြစ်တဲ့အတွက် အမျိုးသမီးများအရေးကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်။
- နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍများတွင် အမျိုးသမီးများပါဝင်မှုမှာ ပိုမိုများပြားလာသည်ကို တွေ့ရပြီး မြန်မာ့တပ်မတော်တွင် ကြည်း၊ ရေ၊ လေ အမျိုးသမီးဗိုလ်လောင်းများ မွေးထုတ်ထားပြီး အမျိုးသားများနဲ့တန်းတူ ရင်ပေါင်တန်း တာဝန်ထမ်းဆောင်နေကြပြီဖြစ်။
- တပ်မတော်ဆေးတက္ကသိုလ်အတွက် အမျိုးသမီးဗိုလ်လောင်းများကိုလည်း ခေါ်ယူလေ့ကျင့်သင်ကြားပေးရန် စီစဉ်လျက်ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်လည်း အမျိုးသမီးရဲတပ်ဖွဲ့ဝင်များသည် အမျိုးသားများနှင့်တန်းတူ ရင်ပေါင်တန်းဆောင်ရွက်လျက်ရှိ။
- မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်နှင့်အထက် အမျိုးသားစာတတ်မြောက်မှုနှုန်းမှာ ၉၂.၄ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးစာတတ်မြောက်မှုနှုန်းမှာ ၈၆.၃ ရာခိုင်နှုန်းသာရှိသည့်အတွက် အမျိုးသမီးများကို ခေတ်မီပညာရေး သင်ကြားရာမှာ အားပေးဖို့လိုသလို တစ်ဖက်မှာလည်း အိမ်တွင်းမှုလုပ်ငန်းများအပါအဝင် အသက်မွေးဝမ်းကျောင်းပညာရပ်များကိုလည်း တိုးမြှင့်သင်ကြားပေးရန်လို။

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင်လ ၃ ရက်တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေးမြှင့်တင်ဖော်ဆောင်မှုနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်ရာ ထူးချွန်အမျိုးသမီး တပ်မတော်(ကြည်း) အရာရှိ ၂ ဦး၊ ထူးချွန်အမျိုးသမီးရဲမေ ၁ ဦး၊ ထူးချွန်အမျိုးသမီး ကြက်ခြေနီ ၁ ဦး၊ ထူးချွန်အမျိုးသမီး မသန်စွမ်း ၁ ဦး၊ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ထူးချွန်အမျိုးသမီးအားကစားသမား ၇ ဦး၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးရှိ (သိပ္ပံ၊ ဝိဇ္ဇာ၊ ဝိပ္ပံ) ဘာသာတွဲများ၌ အမှတ်အများဆုံးရရှိခဲ့သည့် ကျောင်းသူ ၃ ဦး၊ ရိုးရာပွဲတက် ဝတ်စုံချုပ်ပြိုင်ပွဲတွင် ဆုရရှိသည့် လူမှုဝန်ထမ်းဦးစီးဌာန၊ ပုသိမ်မြို့အိမ်တွင်းမှုသက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားနေမှု




မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးနေမှု

မွေးလုပ်ငန်း ပညာသင်ကျောင်းမှ အမျိုးသမီးဝန်ထမ်း ၃ ဦးတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့က ဆုတံဆိပ်များ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၇-၂၀၂၂)**

- **မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင်လ ၃ ရက်တွင် ကျင်းပခဲ့ရာ အမျိုးသမီးဝန်ထမ်းများ၊ အမျိုးသမီးအားကစားများနှင့် ကျောင်းသူများစသည့် ထူးချွန်သည့်အမျိုးသမီးစုစုပေါင်း ၁၈ ဦးတို့အား ဆုများအသီးသီး ချီးမြှင့်ခဲ့။**

**မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် တာဝန်ရှိသူများက ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်နေမှု**









# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေး



မြန်မာနိုင်ငံ ပုဂံမြို့တွင် ကျင်းပသည့် (၇) ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကာလ အတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့သည် ဇူလိုင်လ ၃ ရက်တွင် မြန်မာ-တရုတ် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပ ခဲ့ပါသည်။

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ၌-

- မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက် ရှိသည့် စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော် သွားရေးနှင့် မြန်မာပညာသင်များ တရုတ်နိုင်ငံသို့ ပြန်လည် ဝင်ရောက်ခွင့်ရရှိရေး။
- နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရေးနှင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များ၌ ကုန်သွယ်မှုချောမွေ့စေရေး ဆက်လက်ပူးပေါင်းဆောင် ရွက်ရေး။
- ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ အထူးသဖြင့် ကုလသမဂ္ဂနှင့် အာဆီယံတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ် စွာ ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များ။
- အာဆီယံ၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှုမပြုရေး မူဝါဒနှင့် အာဆီယံပဋိညာဉ်၊ အခြေခံမူများကိုအခြေခံကာ အာဆီယံတူညီဆန္ဒ(၅)ရပ်ကို အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိသည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။
- ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နောက်ဆုံးနိုင်ငံ ရေးဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ရှေ့လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်စွာ ဖော်ဆောင် နေမှုတို့ကို ရှင်းလင်းပြောကြားခဲ့။

နှစ်နိုင်ငံဆွေးနွေးပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးများ ၏ရှေ့မှောက်၌ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအထူး ရန်ပုံငွေ ၂၀၂၂ ခုနှစ် စီမံကိန်းရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးသဘောတူ ညီချက်၊ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး) အဆင့် မြှင့်တင်ရေးစီမံကိန်း သဘောတူညီချက်၊ တိရစ္ဆာန်ရောဂါရှာ ဖွေရေးဓာတ်ခွဲခန်း အဆင့်မြှင့်တင်ရေးစီမံကိန်း သဘောတူညီ ချက်၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံမြောက်ပိုင်းဒေသသို့ လှူဒါန်း သည့် ယွမ် ၁၀ ဒသမ ၅ သန်းတန်ဖိုးရှိ အရေးပေါ်ကူးစက် ရောဂါကာကွယ်ရေးအထောက်အပံ့များနှင့် မြန်မာနိုင်ငံသို့လှူ ဒါန်းသည့် ယွမ် ၃၂ သန်း တန်ဖိုးရှိ အရေးပေါ်ကူးစက်ရောဂါ ကာကွယ်ရေးအထောက်အပံ့များဆိုင်ရာ လွှဲပြောင်းပေးအပ်/ လက်ခံလွှာ၊ အလွယ်တကူ တပ်ဆင်နိုင်သည့် အိမ်အလုံးရေ ၁၀၀၀ လွှဲပြောင်းပေးအပ်/ လက်ခံလွှာတို့ကို မြန်မာဘက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် တရုတ် ဘက်မှ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးတို့က လွှဲ ပြောင်းလက်ခံ လဲလှယ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၇-၂၀၂၂)**







နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများရှေ့မှောက်၌ လွှဲပြောင်းပေးအပ်/ လက်ခံလွှာများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးတို့က လက်ခံလွှဲပြောင်းလဲလှယ်နေမှု

- တွေ့ဆုံဆွေးနွေးပွဲတွင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ အထူးသဖြင့် ကုလသမဂ္ဂနှင့် အာဆီယံတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံ၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှုမပြုရေးမူဝါဒနှင့် အာဆီယံပဋိညာဉ်၊ အခြေခံမူများကိုအခြေခံကာ အာဆီယံတူညီဆန္ဒ(၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂ ခုနှစ် စီမံကိန်းရန်ပုံငွေ လွှဲပြောင်းလက်ခံလွှာ၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်၊ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး) အဆင့်မြှင့်တင်ရေး စီမံကိန်းသဘောတူညီချက်၊ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း အဆင့်မြှင့်တင်ရေးစီမံကိန်းသဘောတူညီချက်၊ ယွမ် ၁၀ ဒသမ ၅ သန်းတန်ဖိုးရှိ အရေးပေါ်ကူးစက်ရောဂါ ကာကွယ်ရေးအထောက်အပံ့များနှင့် ယွမ် ၃၂ သန်းတန်ဖိုးရှိ အရေးပေါ်ကူးစက်ရောဂါကာကွယ်ရေးအထောက်အပံ့များဆိုင်ရာ လွှဲပြောင်းပေးအပ်/လက်ခံလွှာ၊ အလွယ်တကူတပ်ဆင်နိုင်သည့် အိမ်အလုံးရေ ၁၀၀၀ လွှဲပြောင်းပေးအပ်/လက်ခံလွှာတို့ကို လွှဲပြောင်းလက်ခံလဲလှယ်ခဲ့။

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာ မွန်းဝီးနိုင်းနှင့် သီးခြားတွေ့ဆုံ

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသည့် (၇) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွန်းဝီနိုင်းကို ဇူလိုင်လ ၄ ရက်တွင် သီးခြားတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နှစ်နိုင်ငံကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ နှစ်



နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များ၊ အာဆီယံတူညီဆန္ဒ(၅) ရပ် အကောင်အထည်ဖော်နေမှုနှင့် နှစ်နိုင်ငံအကြားဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၇-၂၀၂၂)**

- **တွေ့ဆုံပွဲတွင် မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များ၊ အာဆီယံတူညီဆန္ဒ(၅)ရပ် အကောင်အထည်ဖော်နေမှုနှင့် နှစ်နိုင်ငံအကြားဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။**

## (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ပုဂံမြို့၌ လက်ခံကျင်းပ

(၇)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်တွင် ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ပရက်ဆွန်ခွန်၊ လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဆလမ်မုဆေ ကိုမာဆစ်၊ ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမူဝီနိုင်းနှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ဗူရီသိုင်စွန်းတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက-

- ယခုကျင်းပသည့် အစည်းအဝေး၏ခေါင်းစဉ်မှာ "စည်းလုံးညီညွတ်မှုမှသည် ငြိမ်းချမ်းရေးနှင့် သာယာဝပြောမှုဆီသို့" (Solidarity for Peace and Prosp-erity) ဖြစ်သည်နှင့်အညီ လက်ရှိနှင့် အနာဂတ်စိန်ခေါ်မှုများကို စည်းလုံးညီညွတ်မှုအခြေခံသည့် စုပေါင်းအားဖြင့် ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။
- ဒေသတွင်း ကျန်းမာရေးလုံခြုံမှုကဏ္ဍတွင် ကိုဗစ်-၁၉ အပါအဝင် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးအတွက် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။




- တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ တိုက်ဖျက်ရေးနှင့် ပတ်သက်၍ ကူညီထောက်ပံ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း။
- မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအောက်၌ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လက်နက်မှောင်ခိုတိုက်ဖျက်ရေးစသည်တို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် လိုအပ်ကြောင်း။
- ရေအရင်းအမြစ်၊ စိုက်ပျိုးရေး၊ စက်မှုကုန်ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်မှု၊ လျှပ်စစ်ဓါတ်အားထုတ်လုပ်မှုနှင့် ပြည့်ဖြိုးမြဲစွမ်းအင်အပါအဝင် အခြားပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကိုလည်း ပြည်ထောင်စုဝန်ကြီးမှ ဆွေးနွေးခဲ့။

ပူးတွဲဥက္ကဋ္ဌတရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက-

- မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များဖြစ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာမြောက်ဦးဆောင်မှုကို တိုးမြှင့်သွားရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်သွားရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားရေး၊ အစိမ်းရောင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ဆောင်ရွက်သွားရေး၊ ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်သွားရေး။
- စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အာကာသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးလုပ်ငန်းစဉ်များလည်း ဆွေးနွေးခဲ့။

အစည်းအဝေးမှ ပူးတွဲကြေညာချက် (Joint Press Communique) ထုတ်ပြန်ခဲ့ပြီး၊ အကောက်အခွန်၊ စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် ပြည်သူများအကြား အပြန်အလှန်သင်ယူမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကဏ္ဍများအတွက် သီးခြားထုတ်ပြန်ချက်(၄)ခုကို ထုတ်ပြန်ခဲ့ပါသည်။

အစည်းအဝေးအပြီးတွင် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမြေနေရာအတွင်း၌ တည်ဆောက်ထားသည့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ) အဆောက်အဦဖွင့်ပွဲအခမ်းအနားသို့ တတ်ရောက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ပုဂံမြို့ရှိ ညောင်ဦးလေဆိပ်မှ သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၇-၂၀၂၂)**




မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် မြန်မာနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်နေမှု




အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကူးနေမှု

- မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ပရက်ဆွန်ခွန်၊ လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဆလမ်မှုဆေ ကိုမာဆစ်၊ ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမူဝီနိုင်းနှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ဗူရီသိုင်စွန်းတို့ ပါဝင်တက်ရောက်ခဲ့။
- အစည်းအဝေးအပြီးတွင် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန မြေနေရာအတွင်း၌ တည်ဆောက်ထားသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) အဆောက်အဦဖွင့်ပွဲအခမ်းအနားသို့ တတ်ရောက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ပုဂံမြို့ရှိ ညောင်ဦးလေဆိပ်မှ သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်ထွက်ခွာခဲ့။

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးတက်ရောက်ခဲ့သည့် ကိုယ်စားလှယ်အဖွဲ့များ ဘုရား၊ စေတီများသို့ သွားရောက်ဖူးမြော်ကြည်ညို



**အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn နှင့်အဖွဲ့က ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုနေမှု**

အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် လာအိုနိုင်ငံ အဆင့်မြင့်အရာရှိကြီးနှင့် ကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာနိုင်ငံအတွင်းရှိ သမိုင်းဝင်တန်ခိုးကြီးဘုရား၊ စေတီများအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပါသည်။

- ဇူလိုင်လ ၃ ရက်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn နှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့။
- ဇူလိုင်လ ၃ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရွှေစည်းခုံစေတီတော်မြတ်နှင့် သဗ္ဗညုဂူဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့။
- ဇူလိုင်လ ၄ ရက်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ လာအိုနိုင်ငံ အဆင့်မြင့်အရာရှိကြီးနှင့် ကိုယ်စားလှယ်အဖွဲ့တို့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်၊ ထီးလိုမင်းလိုဘုရားနှင့် အာနန္ဒာဘုရားများသို့ သွားရောက်၍ ပန်း၊ ရေချမ်းတို့ ကပ်လှူပူဇော်ကြည်ညိုကြပြီး အဆိုပါ ဘုရား၊ စေတီများရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာများကို လှည့်လည်လေ့လာကြည့်ရှုခဲ့ကြကာ ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းယွန်းထည်ဆိုင်သို့ သွားရောက်၍ ယွန်းထည်လုပ်ငန်း ပြုလုပ်နေပုံ အဆင့်ဆင့်ကို လေ့လာကြည့်ရှုခဲ့။

အဆိုပါ ဘုရား၊ စေတီများရှိ တာဝန်ရှိသူများက ဘုရားသမိုင်းကြောင်းနှင့် သာသနိကအဆောက်အဦများ၏ တည်ဆောက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပါသည်။

**(မြဝတီသတင်းစာ ၅-၇-၂၀၂၂)**

- **အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် လာအိုနိုင်ငံ အဆင့်မြင့်အရာရှိကြီးနှင့် ကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာနိုင်ငံအတွင်းရှိ သမိုင်းဝင်တန်ခိုးကြီး ဘုရား၊ စေတီများအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့။**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိသည်
ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရွှေစည်းခုံစေတီတော်မြတ်သို့ သွားရောက်ဖူးမြော်ကြည်ညိုနေမှု



အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ လာအိုနိုင်ငံအဆင့်မြင့် အရာရှိကြီးနှင့်
ကိုယ်စားလှယ်အဖွဲ့တို့က ထီးလိုမင်းလိုဘုရားရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာများကို လှည့်လည်လေ့လာကြည့်ရှုနေမှု



အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ လာအိုနိုင်ငံ အဆင့်မြင့်
အရာရှိကြီးနှင့် ကိုယ်စားလှယ်အဖွဲ့တို့က ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းယွန်းထည်ဆိုင်သို့ သွားရောက်၍ ယွန်းထည်လုပ်ငန်း ပြုလုပ်နေပုံ
အဆင့်ဆင့်ကို လေ့လာကြည့်ရှုနေမှု

# ချူအင်လိုင်းတန်ဆောင်း ပြန်လည်ပြုပြင်မွမ်းမံ တရားဝင်ဖွင့်လှစ်ခြင်း အခမ်းအနား ကျင်းပ




**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့က ချူအင်လိုင်းတန်ဆောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးနေမှု**

ချူအင်လိုင်းတန်ဆောင်း ပြန်လည်ပြုပြင်မွမ်းမံတရားဝင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇူလိုင်လ ၃ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ ရွှေစည်းခုံစေတီတော်ပရိဝုဏ်အတွင်းရှိ ချူအင်လိုင်းတန်ဆောင်း၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းသည် မြန်မာနိုင်ငံသို့ ၁၉၆၁ ခုနှစ်က လာရောက်ခဲ့စဉ် တန်ဆောင်းဆောက်လုပ်လှူဒါန်းခဲ့ရာ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုအတွက် အမှတ်သင်္ကေတတစ်ခုဖြစ်လာခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က ချူအင်လိုင်းတန်ဆောင်းသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှု ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ထင်ဟပ်ပြသရာ ရောက်စေကြောင်း၊ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အနာဂတ်မျိုးဆက်သစ်များဆီသို့ ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို လက်ဆင့်ကမ်းပေးနိုင်ပြီး တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ထောင်ရေးဆီသို့ တက်လှမ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့သည် ချူအင်လိုင်းတန်ဆောင်းအတွင်း လှည့်လည်ကြည့်ရှုကာ တန်ဆောင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ရွှေစည်းခုံစေတီတော်မြတ်အား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြပါသည်။ ထို့နောက်တစ်ဆင့် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ သဗ္ဗညုဂူဘုရားသို့ သွားရောက်ဖူးမြော်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် သဗ္ဗညုဘုရား ပြုပြင်ရေးစီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ရာ စီမံကိန်းနည်းပညာပိုင်းဆိုင်ရာ ခေါင်းဆောင် မစ္စတာလျိုယွမ်ပင်းက သဗ္ဗညုဘုရား ပြုပြင်ရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် အင်အား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်ဒဏ်ကြောင့် ပုဂံဒေသရှိ ဘုရားပေါင်း ၄၂၅ ဆူထိခိုက်ပျက်စီးခဲ့ရာ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်တွင် တရုတ်နိုင်ငံ ယဉ်ကျေးမှုအမွေအနှစ် ပြည်နယ်စီမံခန့်ခွဲရေး ပူးပေါင်းအလုပ်အမှုဆောင်အဖွဲ့ကို စေလွှတ်ပြီး မြန်မာနိုင်ငံမှ ပျက်စီးမှုကြီးမားသည့် ဘုရား ၂၁ ဆူကို လေ့လာစစ်တမ်းကောက်ယူခဲ့ပြီး ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်တွင် MoU ရေးထိုးခဲ့ကြကာ တရုတ်နိုင်ငံအထောက်အပံ့ဖြင့် သဗ္ဗညုဘုရားပြုပြင်ရေး စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၇-၂၀၂၂)**



**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့က ရွှေစည်းခုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်နေမှု**

- **ချူအင်လိုင်းတန်ဆောင်း ပြန်လည်ပြုပြင်မွမ်းမံ တရားဝင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇူလိုင်လ ၃ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့။**
- **ချူအင်လိုင်းတန်ဆောင်းသည် နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အနာဂတ်မျိုးဆက်သစ်များဆီသို့ ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို လက်ဆင့်ကမ်းပေးနိုင်ပြီး တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ရေးဆီသို့ တက်လှမ်းနိုင်မည်ဖြစ်။**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကို ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီစစ်ဆေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဌ)တွင် ပြဋ္ဌာန်းထားသော “နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း” တာဝန်နှင့်အညီ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့် ပစ္စည်းများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးနှင့် ဦးမင်းမင်းဦးတို့ ဦးဆောင်၍ ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ကို ရှမ်းပြည်နယ်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ဇွန်လ ၃၀ ရက်မှ ဇူလိုင်လ ၃ ရက်အထိ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို စစ်ဆေးလျက်ရှိရာ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လမှ ဇူလိုင်လ ၄ ရက်အထိ နိုင်ငံရေးပါတီ ၈၅ ပါတီ စစ်ဆေးခဲ့ပြီး စစ်ဆေးရန်ကျန်ရှိသည့် နိုင်ငံရေးပါတီ ခုနစ်ပါတီကို ဆက်လက်စစ်ဆေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၇-၂၀၂၂)**



- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ကို ရှမ်းပြည်နယ်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ဇွန်လ ၃၀ ရက်မှ ဇူလိုင်လ ၃ ရက်အထိ ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေးခဲ့။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို စစ်ဆေးလျက်ရှိရာ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လမှ ဇူလိုင်လ ၄ ရက်အထိ နိုင်ငံရေးပါတီ ၈၅ ပါတီ စစ်ဆေးခဲ့ပြီး စစ်ဆေးရန်ကျန်ရှိသည့် နိုင်ငံရေးပါတီ ခုနစ်ပါတီကို ဆက်လက်စစ်ဆေးနိုင်ရေး ဆောင်ရွက်လျက်ရှိ။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ယွမ် ၆ သန်းကျော်တန်ဖိုးရှိ ကိုဗစ်ရောဂါ ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း



တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်အစိုးရသို့ ယွမ်ငွေ ၆ သန်းကျော်တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်လ ၅ ရက်တွင် ယူနန်ပြည်နယ်၊ ပေါင်စန်းပြည်နယ်ခွဲ၊ ထိန်ချုံးမြို့၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် ယူနန်ပြည်နယ် ပေါင်စန်းပြည်နယ်ခွဲ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Cheng Dejun က လှူဒါန်းသည့် ပစ္စည်းများကို လွှဲပြောင်းပေးအပ်ပြီး မြန်မာနိုင်ငံကိုယ်စား ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်က လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြား




ခဲ့ပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများကို ကချင်ပြည်နယ်သို့ နယ်စပ်ဂိတ်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၇-၂၀၂၂)**

- **ဇူလိုင်လ ၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်အစိုးရသို့ ယွမ်ငွေ ၆ သန်းကျော် တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့။**
- **ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများကို ကချင်ပြည်နယ်သို့ နယ်စပ်ဂိတ်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်သွားမည်ဖြစ်။**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

- မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးဖြစ်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ယခုဘဏ္ဍာနှစ်စ ဧပြီလ ၁ ရက် ဇွန်လ ၁၇ ရက်အတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၁၃ ဒသမ ၅၇၇ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၀၇၆ သန်း၊ စုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၃ ဒသမ ၆၅၃ သန်းအထိ ရရှိထား။
- ဇွန်လအတွင်း ဆန်တန်ချိန် ၈၃,၉၂၆ တန်၊ ဆန်ကွဲတန်ချိန် ၆၂,၁၆၈ တန် စုစုပေါင်း ၁၄၆,၀၉၄ တန်ကို ပြည်တွင်းမှ Export ကုမ္ပဏီပေါင်း ၃၈ ခုမှ နိုင်ငံပေါင်း ၂၇ နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်ပြီး ထိုသို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ ၁၂၅,၃၇၄ တန်နှင့် နယ်စပ်ကုန်သွယ်ရေးမှ ၂၀,၇၂၀ တန် တင်ပို့ခဲ့။
- ဧပြီလ ၁ ရက်မှ ဇွန်လ ၁၇ ရက်အထိ နှစ်လတာကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၄၂၆,၆၄၃ ဒသမ ၃၆ တန် တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၃၂၂ ဒသမ ၄၄၁ သန်း ရရှိခဲ့။

ယခုနောက်ပိုင်းတွင် နယ်စပ်ဂိတ်များ၌ အစားထိုးယာဉ်မောင်းစနစ်ဖြင့် ပြောင်းလဲအသုံးပြုလျက်ရှိသောကြောင့် နယ်စပ်ကုန်သွယ်ရေးသည် တဖြည်းဖြည်းတိုးတက်လာလျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ပြည်ပသို့ ယခုဘဏ္ဍာနှစ်အတွင်း ဆန်နှင့်ဆန်ကွဲများ တင်ပို့ရာတွင် တစ်လလျှင် ပျမ်းမျှအားဖြင့် တန်ချိန် တစ်သိန်းခွဲမှ နှစ်သိန်းဝန်းကျင်အထိ တင်ပို့လျက်ရှိပြီး ဆန်တန်ချိန် နှစ်သန်းခန့်တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်းနှင့် ပဲမျိုးစုံတင်ပို့မှုတွင် အာရှဒေသနှင့် ဥရောပဒေသရှိနိုင်ငံများသို့ အများဆုံးတင်ပို့လျက်ရှိကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၇-၂၀၂၂)**



- မူဆယ်နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဧပြီလ ၁ ရက် ဇွန်လ ၁၇ ရက်အတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၁၃ ဒသမ ၅၇၇ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၄၀ ဒသမ ၀၇၆ သန်း၊ စုစုပေါင်း ကုန်သွယ်မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၃ ဒသမ ၆၅၃ သန်းအထိရရှိထား။
- ဇွန်လအတွင်း ဆန်တန်ချိန် ၈၃,၉၂၆ တန်၊ ဆန်ကွဲတန်ချိန် ၆၂,၁၆၈ တန်၊ စုစုပေါင်း ၁၄၆,၀၉၄ တန်ကို ပြည်တွင်းမှ Export ကုမ္ပဏီပေါင်း ၃၈ ခုမှ နိုင်ငံပေါင်း ၂၇ နိုင်ငံသို့ တင်ပို့ခဲ့ပြီး ထိုသို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ ၁၂၅,၃၇၄ တန်နှင့် နယ်စပ်ကုန်သွယ်ရေးမှ ၂၀,၇၂၀ တန် တင်ပို့ခဲ့။
- ဧပြီလ ၁ ရက်မှ ဇွန်လ ၁၇ ရက်အထိ နှစ်လတာကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတန် ချိန် ၄၂၆,၆၄၃ ဒသမ ၃၆ တန် တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၃၂၂ ဒသမ ၄၄၁ သန်း ရရှိခဲ့။

## ပေါက်မြို့နယ်၊ ဒေါင်းသာကျေးရွာ သာသနဝံ့ဝံသဘုန်းကြီးကျောင်းမှ ဆရာတော်အား PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်၍ ရက်စက်စွာ သတ်ဖြတ်

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွဋ်အမြတ်ထားရာ သာသနာပိုင်အဆောက်အဦများ၊ ဘုန်းတော်ကြီးကျောင်းများကို အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်၍ သတ်ဖြတ်ခြင်းများအား ရက်စက်စွာ ပြုလုပ်နေကြသည်ကို စိတ်နှလုံးညှိုးနွမ်းဖွယ် တွေ့ရှိရပါသည်။

ဇူလိုင်လ ၂ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ဒေါင်းသာကျေးရွာရှိ သာသနဝံ့ဝံသဘုန်းကြီးကျောင်းမှ ဆရာတော် ဘဒ္ဒန္တပဝရ သက်တော်(၅၉)နှစ်၊ ဝါတော် (၁၂) ဝါသည် ပေါက်မြို့နယ်၊ လယ်လန်းကျေးရွာသို့ တစ်ပါးတည်း ဆိုင်ကယ်ဖြင့် သွားရောက်စဉ် PDF အကြမ်းဖက်သမားများက ဆရာတော်စီးနင်းလာသည့် မော်တော်ဆိုင်ကယ်ကို တားဆီး၍ ဆရာတော်အား အကြောင်းမဲ့ဖမ်းဆီးကာ ကျားပစ်ကန်ကျေးရွာဘက်သို့ ခေါ်ဆောင်သွားခဲ့ပြီး ဆရာတော်၏လည်ပင်းအား ဓားဖြင့် ရက်စက်စွာ ခုတ်ခဲ့သဖြင့် ဆရာတော်သည် အခင်းဖြစ်နေရာ၌ ပျံလွန်တော်မူခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်အထိ အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော်စုစုပေါင်း (၅၀) ပါးနှင့် သီလရှင် (၁) ပါးတို့သေဆုံးခဲ့ပြီး သံဃာတော်စုစုပေါင်း (၂၀) ပါးနှင့် သီလရှင် (၁) ပါးတို့ ဒဏ်

ရာရရှိခဲ့ပါသည်။ အထက်ပါဖြစ်စဉ်မှ သံဃာတော်အား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လုံခြုံရေး လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၅-၇-၂၀၂၂)**

- **PDF အကြမ်းဖက်သမားများက ပေါက်မြို့နယ်၊ ဒေါင်းသာကျေးရွာရှိ သာသနဝံ့ဝံသဘုန်းကြီးကျောင်းမှ ဆရာတော် ဘဒ္ဒန္တပဝရ သက်တော်(၅၉)နှစ်၊ ဝါတော် (၁၂)ဝါအား အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်ကာ ဆရာတော်၏လည်ပင်းအား ဓားဖြင့် ရက်စက်စွာ ခုတ်ခဲ့သဖြင့် ဆရာတော်သည် အခင်းဖြစ်နေရာ၌ ပျံလွန်တော်မူခဲ့။**
- **၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်အထိ အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော်စုစုပေါင်း (၅၀) ပါးနှင့် သီလရှင် (၁) ပါးတို့ သေဆုံးခဲ့ပြီး သံဃာတော်စုစုပေါင်း (၂၀) ပါးနှင့် သီလရှင် (၁) ပါးတို့ ဒဏ်ရာရရှိခဲ့။**

## ကောလင်းမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းမှ ဆရာနှင့် ဆရာမတို့အား PDF အကြမ်းဖက်သမားများက ဖမ်းဆီးသတ်ဖြတ်

ဇူလိုင်လ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ သရက်ခုံကျေးရွာနေသူများဖြစ်သည့် မောင်းတော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြကျောင်းဆရာ ဦးဇော်ဝင်းသိန်း(၄၃)နှစ်နှင့် ၎င်း၏ညီမဖြစ်သည့် သရက်ခုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြကျောင်းဆရာမ မဥမ္မာဝင်း (၂၇)နှစ်တို့ ၂ ဦးသည် နေအိမ်၌ အတူရှိနေစဉ် PDF အကြမ်းဖက်သမား ၂၀ ဦး ရောက်ရှိလာပြီး ၎င်းတို့ ၂ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားပြီး မောင်းသွန်းကုန်းတံတားအနီးအရောက်၌ ဆင်ခြင်တုံတရားမဲ့စွာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရှိရပါသည်။


အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်အရ NUG အကြမ်းဖက်အဖွဲ့များ၏ စေခိုင်းချက်ဖြင့် PDF အကြမ်းဖက်သမားများသည် ကျောင်းသား/ သူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ခြင်းမရှိစေရန် စာသင်ကျောင်းများအား လက်လုပ်မိုင်းများဖြင့် တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ပညာရည်မြင့်မားရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်၍ CDM မလုပ်သည့် ပညာရေးဝန်ထမ်း ဆရာ/ဆရာမများအား ရက်စက်စွာ အကြောင်းမဲ့သတ်ဖြတ်မှုကြောင့် ဇူလိုင်လ ၅ ရက်အထိ ဆရာ ၁၇ ဦးနှင့် ဆရာမ ၁၇ ဦးတို့ ရက်စက်စွာ အသတ်ခံရပြီး ဆရာ ၁၃ ဦးနှင့် ဆရာမ ၁၇ ဦးတို့ ပြင်းထန်ဒဏ်ရာများ ရရှိခဲ့ပြီးဖြစ်ပါသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၅-၇-၂၀၂၂)**

- **အကြမ်းဖက်သမားများက ကောလင်းမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြကျောင်းဆရာ၊ ဆရာမ မောင်နှမ ၂ ဦးအား CDM မလုပ်သဖြင့် ဖမ်းဆီးခေါ်ဆောင်သွားပြီး မောင်းသွန်းကုန်းတံတားအနီးအရောက်၌ ဆင်ခြင်တုံတရားမဲ့စွာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့။**

# ဥကရစ်ထနယ်မြေအတွင်း အကြမ်းဖက်သမားများ ခိုအောင်းအခြေချနေထိုင်မှု မရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





**အကြမ်းဖက်သောင်းကျန်းသူများက စေတီပုထိုးနှင့် ဘာသာရေး အဆောက်အဦများကို အကာအကွယ်ပြု၍တပ်မတော်စစ်ကြောင်းအား တိုက်ခိုက်ခဲ့သောနေရာများ**

ဥကရစ်ထစခန်းအား PDF အကြမ်းဖက်သမားများနှင့် KNLA ပူးပေါင်းအဖွဲ့တို့က အင်အားအလုံးအရင်း အသုံးပြု၍ အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သော်လည်း အဆိုပါစခန်းမှ တပ်မတော်သားများအနေဖြင့် မြေပြင်ပစ်ကူနှင့် လေကြောင်းပစ်ကူများရယူ၍ ရွပ်ရွပ်ချံချံ မဆုတ်မနစ် ကြံ့ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် အသက်ကိုပဓာနမထားဘဲ ခုခံတိုက်ခိုက်ခဲ့မှု၊ စစ်ကူစစ်ကြောင်းများအနေဖြင့်လည်း ရာသီဥတုနှင့် အခြားသော မြေအနေအထား ကန့်သတ်ချက်များကြားမှ ဥကရစ်ထစခန်းရှိ တပ်မတော်သားများနှင့် တပ်ချင်း ချိတ်ဆက်ပူးပေါင်းကာ ဥကရစ်ထစခန်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဥကရစ်ထစခန်း အနီးပတ်ဝန်းကျင်တစ်ဝိုက်အား နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင်လည်း PDF အကြမ်းဖက်သမားများနှင့် KNLA ပူးပေါင်းအဖွဲ့တို့အနေဖြင့် ဥကရစ်ထစခန်းကို လာရောက်တိုက်ခိုက်ခဲ့စဉ် စေတီပုထိုးများ၊ ဘာသာရေးအဆောက်အဦများနှင့် လူနေအဆောက်အဦများကို အကာအကွယ်ယူ၍ တိုက်ခိုက်ခဲ့သည့်နေရာများကိုလည်း တွေ့ရှိရပါသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဥကရစ်ထနယ်မြေအတွင်း အကြမ်းဖက်သမားများ ခိုအောင်းအခြေချနေထိုင်မှုမရှိစေရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၄-၇-၂၀၂၂)**

- **ဥကရစ်ထစခန်း အနီးပတ်ဝန်းကျင်တစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ PDF အကြမ်းဖက်သမားများနှင့် KNLA ပူးပေါင်းအဖွဲ့တို့အနေဖြင့် ဥကရစ်ထစခန်းကို လာရောက်တိုက်ခိုက်ခဲ့စဉ် စေတီပုထိုးများ၊ ဘာသာရေးအဆောက်အဦများနှင့် လူနေအဆောက်အဦများကို အကာအကွယ်ယူ၍ တိုက်ခိုက်ခဲ့သည့်နေရာများကို တွေ့ရှိခဲ့။**



အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာအတွင်း လူနေ အဆောက်အဦများကို အကာအကွယ်ပြု၍တပ်မတော်စစ်ကြောင်းအား တိုက်ခိုက်ခဲ့သောနေရာများ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၅ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၁၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၂ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁၁ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁ ဦး၊ ရခိုင်ပြည်နယ်၌ ၆ ဦးနှင့် ကချင်ပြည်နယ်၌ ၅ ဦး စုစုပေါင်း ၄၆ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ဇန်နဝါရီလ ၂၇ ရက်မှ ဇူလိုင်လ ၅ ရက်ထိ စုစုပေါင်း ၆၁၃ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၇-၂၀၂၂)**

- **ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၅ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၁၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၂ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁၁ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁ ဦး၊ ရခိုင်ပြည်နယ်၌ ၆ ဦးနှင့် ကချင်ပြည်နယ်၌ ၅ ဦး စုစုပေါင်း ၄၆ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ ဇူလိုင်လ ၅ ရက်ထိ စုစုပေါင်း ၆၁၃ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**